ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လူထုဗဟိုပြုစီမံကိန်း၊ ဒီးမော့ဆိုမြို့နယ်

**National Community Driven Development Project**

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇ -၂၀၁၈)



ပန်ပက် ရွမ်းကူကျေးရွာ

ပန်ပက်ကျေးရွာအုပ်စု

# မာတိကာ


မာတိကာ ........ 1

ဒီးမော့ဆိုမြို့နယ်မြေပုံ ........ 2

ပန်ပက်ကျေးရွာအုပ်စုမြေပုံ ........ 3

ပန်ပက်ကျေးရွာအုပ်စုတွင် ပါဝင်သောကျေးရွာများ၏ လူဦးရေစာရင်း ........ 4

လူမှုရေးအရင်းအမြစ်ပြမြေပုံ ........ 5

ကျေးရွာမြေပုံသုံးသပ်ချက် ........ 6

ရွှမ်းကူကျေးရွာ၏ သမိုင်းအကျဉ်း ........ 7

ဉစ္စာဓနအဆင့်သတ်မှတ်ခြင်း ........ 8

ဉစ္စာဓနအဆင့် သတ်မှတ်ချက် ၏သုံးသပ်ချက် ........ 9

ကျားမပင့်ကူအိမ်သုံးသပ်ခြင်း ........ 10

အမျိုးသား၊ အမျိုးသမီးဆိုင်ရာ ပင်းကူအိမ်သုံးသပ်ချက် ........ 11

အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုသုံးသပ်ခြင်း ........ 12

အဖွဲ့ အစည်းဆိုင်ရာချိတ်ဆက်မှုပြ ဇယားသုံးသပ်ချက် ........ 13

ရာသီခွင်ပြ ပြက္ခဒိန် ဇယား ........ 14

ရာသီခွင်ပြ ပြက္ခဒိန် ဇယား ၏သုံးသပ်ချက် ........ 15

ရွှမ်းကူကျေးရွာ၏ လူထုဗဟိုပြုစီမံကိန်း ကော်မတီဝင်စာရင်း ........ 16

၂၀၁၇-၁၈ ခုနှစ် ပန်ပက်အုပ်စု ရွှမ်းကူကျေးရွာ၏ လူထုဗဟိုပြုစီမံကိန်း ကော်မတီဝင်များ ........ 17

ပန်ပက် ရွှမ်းကူကျေးရွာ၏ အစည်းအဝေး မှတ်တမ်းဓါတ်ပုံများ ........ 18

ပန်ပက် ရွှမ်းကူကျေးရွာ၏ အစည်းအဝေး မှတ်တမ်းဓါတ်ပုံများ ........ 19

ပုံစံ - ၁။ကျေးရွာအခြေခံအချက်အလက်များ (PC-1) ........ 20

ပုံစံ - ၂။စီမံကိန်းစက်ဝန်းအချိန်ဇယား(PC-2) ........ 23

ပုံစံ - ၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(PC-3) ........ 25


နောက်ဆက်တွဲ(၄)ခြားနားသောအပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ........ 27

ပထမအကြိမ် ကျေးရွာ အစည်းဝေး မှတ်တမ်း ........ 29

ဒုတိယအကြိမ် ကျေးရွာ အစည်းဝေး မှတ်တမ်း ........ 31


လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်/အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ် ........ 33

# ဒီးမော့ဆိုမြို့နယ်မြေပုံ



ဒီးမော့ဆိုမြို့နယ်အညွှန်းပြမြေပုံ
မ
စကေး ၁ လက်မ = ၂ မိုင်
ရှမ်းပြည်နယ်
လွိုင်ကော်မြို့နယ်
ဖရူဆိုမြို့နယ်
ဘောလခဲမြို့နယ်
တောင်ငူသို့
ရည်ညွှန်းချက်
ပြည်နယ်ခြား
မြို့နယ်ခြား
အုပ်စုခြား
ဒီးမော့ဆိုမြို့
ကျေးရွာအုပ်စု
ကျေးရွာ
ရဲစခန်း/ရဲကင်း
ကားလမ်း
ရထားလမ်း
မြစ်/ချောင်း
ဆည်/ကန်


## ပန်ပက်ကျေးရွာအုပ်စုမြေပုံ



## ပန်ပက်ကျေးရွာအုပ်စုတွင် ပါဝင်သောကျေးရွာများ၏ လူဦးရေစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | လူဦးရေစာရင်း | | |
|---|---|---|---|---|---|
| | | | အမျိုးသား | အမျိုးသမီး | စုစုပေါင်း |
| ၁ | ရွှမ်းကူ | ၇၆ | ၂၅၄ | ၂၃၀ | ၄၈၄ |
| ၂ | ဒေါကီး | ၅၃ | ၁၅၄ | ၁၅၁ | ၃၀၅ |
| ၃ | ဆောင်လူးကနား | ၂၄ | ၉၉ | ၁၁၀ | ၂၀၉ |
| ၄ | ကတဲကူ | ၁၈ | ၅၇ | ၅၈ | ၁၁၅ |
| ၅ | ပင်မဆောင် | ၄၄ | ၁၀၄ | ၁၀၇ | ၂၁၁ |

# လူမှုရေးအရင်းအမြစ်ပြမြေပုံ



## ကျေးရွာမြေပုံသုံးသပ်ချက်

ရွှမ်းကူကျေးရွာ ရက်စွဲ၊ ၁၀.၁၁.၂၀၁၇

ပန်ပက်ကျေးရွာအုပ်စု၊ ရွှမ်းကူကျေးရွာသည် လွိုင်ကော်- တောင်ငူ သို့ သွားသည့်ကားလမ်းမ ဘေး၊ (က.လ.လ.တ) ဂိတ် အရောက် တွင်လမ်းခွဲကာ ၂ မိုင်ခန့် ဝင်ရပြီးလျှင် ရောက်ရှိပါသည်။ သို့ သော် ရွှမ်းကူကျေးရွာ သည် အိမ်ခြေများ တစ်စုတစ်စည်းထဲမရှိကြဘဲ ကျေးရွာငယ်လေး များ အသွင်ဖြင့် တစ်စုစီပြန့် ကြဲစွာတည်ရှိကြသည်။ ရွှမ်းကူရွာမကြီးအပြင် လိန်းဆိုဒိတ်၊ ပေါ်ကူ နှင့် ပရိုက်ကူ စသည့် ကျေးရွာငယ်လေးများဖြင့်ဖွဲ့ စည်းတည်ရှိကြသည်။ ၎င်းကျေးရွာတွင်အိမ်ခြေ(၇၆) အိမ်တည်ရှိ ပြီး လူဦးရေး မှာ အမျိုးသား (၂၅၄)ဦး နှင့် အမျိုးသမီး(၂၃၀) ဦး စုစုပေါင်း (၄၈၄) ဦး တို့ ရှိပါသည်။

ရွှမ်းကူကျေးရွာသည် ကယန်းကြေးပတ်များနေထိုင်ကြသောကျေးရွာဖြစ်သောကြောင့် ပြည်တွင်းခရီးသွားများနှင့် ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်သော ကျေးရွာလည်းဖြစ်သည်။ လူမျိုးစုအနေဖြင့် ကန်းလဂီ အနွယ်ဝင်များဖြစ်ကြသည်။ ထိုကျေးရွာတွင် ရိုးရာ တံခွန်တိုင်ကို အများဆုံးသက်ဝင်ယုံကြည်ကြပြီး စုစုပေါင်းအိမ်ခြေ (၇၁) ထိရှိပါသည်။ ကျန်သည့် (၅) အိမ်မှာ ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသည်။ ၂၀၁၇ ခုနှစ် အစပိုင်း တွင်မှ ဗုဒ္ဓသာသနာပြုများစတင်လာရောက်ခဲ့ကြသည်။

အိမ်အမျိုးအစားများမှာ တိုက်အိမ်၊ ပျဉ်ထောင်အိမ် များဖြစ်ကြသည်။ လယ်၊ယာကို အဓိကကလုပ်ကိုင်စားသောက်ကြသည်။ သောက်သုံးရေကို ယခင်က တစ်ပိုင်တနိုင် မိုးရေလှောင်ကန်များတည်ဆောက်ပြီးရေကိုရယူကြသည်။ ယခုလက်ရှိတွင် နိုင်ငံတော်မှ ရေသွယ်တန်းပေးခြင်း၊ ရေ လှောင်ကန်များတည်ဆောက်ပေးခြင်းများရှိပြီဖြစ်သည်။ လျှပ်စစ်မီးရရှိနေပြီဖြစ်သည်။

ဘာသာရေးအဆောက်အအုံအနေဖြင့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း နှင့် ရိုးရာတံခွန်တိုင်များ တည်ရှိပါသည်။ ပညာရေးအခြခံအဆောက်အအုံတွင် EDDC မူကြို ကျောင်းတစ်ကျောင်း နှင့် မူလတန်း ကျောင်းတစ်ကျောင်းတို့ ရှိပါသည်။ ကျေးရွာပိုင် ခန်းမဆောင် တစ်ဆောင်လည်းရှိပါသည်။ ရိုးရာယက်ကန်းအထည်ယက်လုပ်သည့်လုပ်ငန်းများ လည်းထွန်းကားသည့်ကျေးရွာဖြစ်သည်။

ပါဝင်ဆွေးနွေးသူ ပံ့ပိုးကူညီသူ

ကျား=၃၃ ဦး / မ=၁၇ ဦး ဦးစိုးနေလင်း(လူထုစည်းရုံးရေးမှူး)

## ရွှမ်းကူကျေးရွာ၏ သမိုင်းအကျဉ်း

ပန်ပက်ရွှမ်းကူကျေးရွာ ကိုမတည်ထောင်မည် ရှေးယခင်က ဆောင်းလာ အမည် ရှိတောင် ခြေရင်း တွင်ဦးစွာနေထိုင်ခဲ့ကြသည်။ ထို့နောက်မှ (၁၉၃၄) ခုနှစ်တွင် ထန်မျိုးနွယ်စုများဖြစ်သည့် သ၊လုပ်၊ ယို အမည်ရှိသောပုဂ္ဂိုလ်သုံးဦးတို့သည် အိမ်ခြေ (၃) အိမ်ဖြင့်ယခု ရွှမ်းကူသို့ဦးစွာ စတင် အခြေ ချနေထိုင်ခဲ့ကြသည်။ ၁၉၃၅ ခုနှစ် တွင် ထိုမျိုးနွယ်စု၊ ကိုမျိုးနွယ်စု များသည်လည်း လာ ရောက်ပြောင်းရွှေ့နေထိုင်လာခဲ့ကြသည်။ ထို့နောက် နှစ်အနည်းငယ်အကြာတွင် အခါလုံမျိုးနွယ် စု၊ ခွီမျိုးနွယ်စု နှင့် ထိတ်မျိုးနွယ်စု များလည်းထပ်မံပြောင်းရွှေ့နေထိုင်လာခဲ့ကြသည်။ ယခုအချိန် တွင် မျိုးနွယ်စုငယ် (၇) မျိုးတို့ဖြင့်စုပေါင်းကာနေထိုင်လျှက်ရှိကြပါသည်။


၁၉၈၇ ခုနှစ်ခန့်က ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်ခရိုင် သို့ကြေးပတ်သည့်အမျိုးသမီး(၃) ဦး နှင့် အမျိုးသား တစ်ဦးတို့သည်ကြေးပတ်သည့်ဓလေ့ကိုစတင်သွားရောက်ပြသခဲ့သည်။ ထို့ နောက်တွင် မှ ထိုင်းနိုင်ငံပြည်သူများ နှင့် ထိုင်းနိုင်ငံသို့လာရောက်လည်ပတ်ကြသော ကမ္ဘာလှည့် ခရီးသွားများ၏စိတ်ဝင်စားမှုများမြင့်တက်လာသောကြောင့် ကျေးရွာတွင်နေထိုင်ကြသောသူများ လည်းတစတစလိုက်သွားကြရာ ယခုချိန်တွင် မယ်ဟောင်ဆောင်ဒေသတွင် ပန်ပက်လူမျိုးများ လူ ဦးရေ (၁၀၀) ခန့်သွားရောက်နေထိုင်ပြီဖြစ်သည်။

ယခင်ကအိမ်ထောင်စုများသည် ရွှမ်းကူရွာမ ကြီးတွင်တစ်စုတစ်စည်းတည်းနေထိုင်ခဲ့ကြ သော်လည်း လူဦးရေများတိုးပွားလာမှုကြောင်းဘေးပတ်ဝန်းကျင် မြေနေရာလွတ်များတွင် အခြေချ နေထိုင်လာခဲ့ကြသည်။ ယခုအခါ ရွှမ်းကူကျေးရွာမကြီးအပြင် ပေါ်ကူ၊ ပရိုက်ကူ၊ လိန်းဆိုဒိန်း စ သည့်အမည်ရှိသောကျေးရွာငယ်လေးများဖြင့် ဖွဲ့စည်းထားပါသည်။ ပေါ်ကူကျေးရွာငယ်သည် လွန်ခဲ့သည့် ၃၅ နှစ် ခန့်ကရွှမ်းကူရွာမကြီး မှ ထွက်ခွာခဲ့ပြီး ပရိုက်ကူသည် လွန်ခဲ့သည့် ၁၅ နှစ်ခန့် ကခွဲထွက်နေထိုင်ခဲ့ကြသည်။

ဖြေကြားသူများ _

| | | | |
|---|---|---|---|
| ဦးခုတ် | ဦးရှိဘဲတို | ဒေါ်မူပရိုက် | ဦးလနန်း |
| ရပ်မိရပ်ဖ | အုပ်စုအုပ်ချုပ်ရေးမှူး | ရပ်မိရပ်ဖ | ရပ်မိရပ်ဖ |

## ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း



## ဥစ္စာဓနအဆင့် သတ်မှတ်ချက် ၏သုံးသပ်ချက်

ရှမ်းကူကျေးရွာ ရက်စွဲ၊ ၁၀.၁၁.၂၀၁၇

ရှမ်းကူကျေးရွာ အတွင်းရှိ ကျေးရွာလူထုများသည် လယ်/ယာ စိုက်ပျိုးရေး လုပ်ငန်းကိုသာအဓိကထား လုပ်ကိုင် ကြပါသည်။ ထို့အပြင် ထိုကျေးရွာတွင် ကြေးပတ်သည့် ကယန်းအမျိုးသမီးများကြောင့် ပြည်တွင်းခရီးသွားနှင့် ပြည်ပခရီးသွားများလာရောက်လည်ပတ်ကြသောကြောင့် ခရီးသွားဈေးကွက်များ ရှိသောကျေးရွာဖြစ်သည်။ ကျေးရွာတွင်း နေထိုင် ကြသောအိမ်ထောင်စု များ၏ စီးပွားရေးအခြေအနေ၊ ဥစ္စာဓန ပိုင်ဆိုင်မှုအခြေအနေ၊ မြေယာ ပိုင်ဆိုင်မှုအခြေအနေ တို့မှာများစွာ ကွာ ဟမှုမရှိကြပါ။ ၎င်းကျေးရွာ၏ ဥစ္စာဓနအဆင့် သတ်မှတ် ဖော်ပြချက်တို့ကို အောက်ပါအတိုင်း တွေ့ရှိရမည်ဖြစ် ပါသည်။

အဆင့်(၁) အဆင်ပြေသောအုပ်စုတွင် တိုက်အိမ်နှစ်ထပ်၊ ကား၊ ဆိုင်ကယ်၊ လယ် ၅ ဧကအထက် ၊ ကျွဲ၊ နွား အကောင် ၃၀ အထက်၊ ထော်လဂျီ၊ ကြက် နှင့် ဝက် စသည်တို့ကိုပိုင်ဆိုင်သည့် အခြေအနေတွင်ရှိပါသည်။


အဆင့်(၂) အလယ်အလတ်အုပ်စုတွင် အုတ်ညှတ်အိမ်၊ ဆိုင်ကယ်၊ လယ် ၃ ဧက အောက်၊ ကျွဲ၊ နွား အကောင် ၂၀ ၊ ကြက် နှင့် ဝက် စသည်တို့ကို့ကိုပိုင် ဆိုင်သည့် အခြေအနေ တွင်ရှိပါသည်။

အဆင့်(၃) အဆင်မပြေသောအုပ်စုတွင် ပျဉ်ထောင်အိမ်၊ လယ် ၁ ဧကအောက်၊ ဆိုင်ကယ်၊ ကျွဲ၊ နွား ၁၀ ကောင်အောက်၊ ကြက် နှင့် ဝက် စသည်တို့ကို ပိုင်ဆိုင်လုပ် ကိုင်ကြပါသည်။ လယ်၊ ယာမြေများ မပိုင်ဆိုင်ရတာသည့်အကြောင့်မှာ စားဝတ်နေရေး၊ စီးပွားရေးအဆင်မပြေမှုကြောင့် ရောင်းချလိုက်ရခြင်းကြောင့်ဖြစ်သည်။ သို့သော် ပြည်တွင်း၊ ပြည်ပခရီးသွားများ မှဝင်ငွေရရှိခြင်းနှင့် မယ်ဟောင်ဆောင်သို့ သွားရောက် ကာကြေးပတ်သည့် ဓလေ့ကို ပြသခြင်းများကြောင့် ဝင်များများအထိုက်အလျှောက်ကောင်းသည့်အခြေအနေတွင်ရပ်တည်လျှက်ရှိကြပါသည်။

**ပါဝင်ဆွေးနွေးသူ** — **ပံ့ပိုးကူညီသူ**

ကျား=၃၃ ဦး / မ=၁၇ ဦး — ဦးစိုးနေလင်း (လူထုစည်းရုံးရေးမှူး)

## ကျားမပင့်ကူအိမ်သုံးသပ်ခြင်း



## အမျိုးသား၊ အမျိုးသမီးဆိုင်ရာ ပင်းကူအိမ်သုံးသပ်ချက်

ရွှမ်းကူကျေးရွာ ရက်စွဲ၊ ၁၀.၁၁.၂၀၁၇

ပင့်ကူအိမ် သုံးသပ်ချက်သည် ကျေးရွာအတွင်းရှိ အမျိုးသမီးများ၏ အခြေအနေ၊ ဘဝရတည်မှု၊ လိုအပ်ချက်များပြည့်ဝမှု၊ အခွင့်အရေးများရရှိမှု နှင့် တရားမျှတမှု စသည့်အခြေအနေတို့ကို အမျိုးသားများ နှင့် မျိုးသမီးများကြား ကွာဟနေသောခြားနားချက် တို့ကိုသိရှိစေရန်ဖြစ်သည်။

ရွှမ်းကူကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ခြင်းဇယား ကို ကြည့်ပါက အိမ်တွင်းမှု၊ ဆုံးဖြတ် ချက်ချပိုင်ခွင့်၊ ဂင်ငွေရရှိမှု၊ ထိန်းချုပ်မှု၊ လုံခြုံမှု၊ အမွေရပိုင်ခွင့်၊ ပညာတတ်မြောက်မှု နှင့် အလုပ်အကိုင်အခွင့်အလမ်း စသည့် အခြေခံ အချက် အလက်ပေါ်မူတည် ပြီး အမျိုးသား နှင့် အမျိုးသမီး ကြား ကွားခြားချက် တို့ ကိုဖော်ထုတ် ဆွေးနွေးထားခြင်း ဖြစ်ပါသည်။

အိမ်မှုကိစ္စနိုင်းယှဉ် မှုတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပို၍ လုပ်ကိုင် ဆောင်ရွက်ရ သောအနေအထားတွင်ရှိသည်။ ဇယားဖော်ပြပါ အဆင့်မှာ အမျိုးသမီး(၉) နှင့် အမျိုး သား (၆) တွင်တည်ရှိ နေပါ သည်။ ဆုံးဖြတ်ချက်ချမှုတွင် အမျိုးသားများ၏ အဆင့်မှာ (၈) ဖြစ်ပြီး အမျိုးသမီးအဆင့်မှာ(၄) သာရှိပါသည်။ ဂင်ငွေရရှိမှုဖော်ပြချက်တွင် အမျိုးသား (၆) နှင့် အမျိုးသမီး(၅) တို့ တွင်ရှိကြပါသည်။ ထိန်းချုပ်မှု နှင့် လုံခြုံမှုနှိုင်းယှဉ်ချက်တွင်အမျိုးသား အဆင့်(၉)ဖြစ်ပြီး အမျိုးသမီးများမှာ အဆင့်(၅)သာတည်ရှိနေပါသည်။


အမွေရပိုင်ခွင့် နှိုင်းယှဉ် မှုတွင် အမျိုးသမီးများ၏ အဆင့် မှာ အမျိုးသားများထက် များစွာနိမ့် ကျနေသေးသည့်အနေအထားဖြစ်ပါသည်။ အကြောင်းမှာ ကယန်းလူမျိုး တို့ သည် ရှေးယခင်ဘိုးဘွားလက်ထဲကတည်းက အမျိုးသားတို့ ကို သာအမွေ ဆက်ခံစေခဲ့ပြီး အမျိုးသမီးတို့ ကိုမူအမွေခံစားခွင့်မပေးပဲ နေလာရာမှ ယနေ့ တိုင် ထိုဓလေ့ကို ကျင့်သုံးနေကြသောကြောင့်ဖြစ်သည်။ ပညာတတ်မြောက်မှုအဆင့်တွင် လည်း အမျိုးသား နှင့်အမျိုးသမီးကြား၏ကွာဟမှုမှာလည်း ကြီးမားလှပါသည်။ အလုပ်အကိုင်အခွင့်အလမ်း ဖော်ပြချက် တွင် အမျိုးသား တို့ ၏အဆင့်မှာ အမျိုးသမီးတို့ ထက်တစ်ဆင့်သာ သာလွန်သည့်အခြေအနေတွင်ရှိပါသည်။

ထို့ ကြောင့်ပင့်ကူအိမ်သုံးသပ်ခြင်းဖော်ပြချက်တွင် အထူးသဖြင့်ထိုကျေးရွာရှိ အမျိုးသမီးတို့ သည် ပညာရေးပိုင်းတွင် အမျိုးသားများထက်ပို အား နည်းနေသေးသည့် အခြေအနေ တွင် ရှိသောကြောင့် ထိုကဏ္ဍတွင် ပို၍မြင့်တင်ပေးမှုများပြုလုပ်ပေးရန်လိုအပ်သည်ကိုတွေ့ ရှိရပါသည်။

**ပါဝင်ဆွေးနွေးသူ** **ပံ့ပိုးကူညီသူ**

ကျား= ၃၃ ဦး / မ= ၁၇ ဦး ဦးစိုးနေလင်း (လူထုစည်းရုံးရေးမှူး)

## အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုသုံးသပ်ခြင်း



## အဖွဲ့ အစည်းဆိုင်ရာချိတ်ဆက်မှုပြ ဇယားသုံးသပ်ချက်

ရွှမ်းကူကျေးရွာ ရက်စွဲ၊ ၁၀.၁၁.၂၀၁၇

ရွှမ်းကူကျေးရွာ အတွင်း အဖွဲ့ အစည်းဆိုင်ရာ ချိတ်ဆက် မှုပြ ဇယားကိုဖေါ်ထုတ် ရာတွင် ကျေးရွာပြင်ပရှိအဖွဲ့ နှင့် ကျေးရွာတွင်းရှိအဖွဲ့ ဟူ၍ နှစ်ပိုင်းရှိသည်။ ကျေးရွာပြင်ပအဖွဲ့ များမှာ မြို့ အုပ်ချုပ်ရေးမှူး၊ ကျေးလက်အဖွဲ့ နှင့် အုပ်စုအုပ်ချုပ်ရေးမှူး တို့ ဖြစ်ကြသည်။ ကျေးရွာတွင်း အဖွဲ့ များမှာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ ဖြိုးရေးအဖွဲ့ ၊ လူငယ်အဖွဲ့ ၊ ဝေါပကအဖွဲ့ (တံခွန်တိုင်)၊ အမျိုးသမီးယဉ်ကျေးမှုအဖွဲ့ နှင့် လူထုဗဟိုပြုစီမံကိန်းအထောက်အကူပြုအဖွဲ့ စသည့် အဖွဲ့ တို့ ရှိကြပါသည်။

မြို့ နယ်အုပ်ချုပ်ရေးမှူး၊ ကျေးလက် နှင့် တစ်ခြားအဖွဲ့ အစည်းများ သည် ထိုကျေးရွာသို့ ညွှန်ကြားချက်၊ ဆောင်ရွက်ချက် တို့ ကို ပြုလုပ်ရာတွင် အုပ်စုအုပ်ချုပ်ရေးမှူးမှတစ်ဆင့် ဆောင်ရွက်လေ့ ရှိကြ သည်။ အကြောင်းမှာ ကျေးရွာတွင်း အုပ်ချုပ်ရေးမှူး များသည် အတည် တကျ မရှိခြင်း၊ ကျေးရွာတွင်း အုပ်ချုပ်ရေးမှူးများ မကြာခဏ အပြောင်းအလဲများ ပြုလုပ်ကြ သော ကြောင့် ဖြစ်သည်။


ရွှမ်းကူကျေးရွာတွင် ကယန်းကြေးပတ် သည့်အမျိုးသမီးများရှိသောကြောင့် ၎င်းဆက်စပ်သည့် အမျိုးသမီးရိုးရာယဉ်ကျေးမှုအဖွဲ့ ဟူ၍ ဖွဲ့ စည်းထားပါသည်။ ထိုအဖွဲ့ များသည် ကျေးရွာတွင်း အခမ်းအနားများတွင် ကယန်းယဉ်ကျေးမှုအကအလှများဖြင့်ဖျော်ဖြေပေးခြင်း၊ ကမ္ဘာလှည့်ခရီးသွားများအားဖျော်ဖြေပေးခြင်းများတို့ ကိုပြုလုပ်ကြပါသည်။

ကျေးရွာဖွံ့ ဖြိုးရေးအဖွဲ့ ၊ လူငယ်အဖွဲ့ ၊ ဝေါပကအဖွဲ့ (တံခွန်တိုင်) နှင့် လူထုဗဟိုပြုစီမံကိန်း အထောက်အကူပြုအဖွဲ့ တို့ သည် ကျေးရွာ၏ ဖွံ့ ဖြိုးတိုးတက်ရေး၊ လူမှုရေး၊ ဘာသာရေး တို့ တွင် ဆောင်ရွက်ကြသောအဖွဲ့ များဖြစ်ကြသည်။

**ပါဝင်ဆွေးနွေးသူ** **ပံ့ပိုးကူညီသူ**

ကျား= ၃၃ ဦး / မ= ၁၇ ဦး ဦးစိုးနေလင်း (လူထုစည်းရုံးရေးမှူး)

# ရာသီခွင်ပြ ပြက္ခဒိန် ဇယား



## ရာသီခွင်ပြ ပြက္ခဒိန် ဇယား ၏သုံးသပ်ချက်

ရှမ်းကူကျေးရွာ ရက်စွဲ၊ ၁၀.၁၁.၂၀၁၇

ရှမ်းကူကျေးရွာသည် စိုက်ပျိုးရေးဖြစ်သည့် လယ်/ယာ လုပ်ငန်းကို အဓိကထားပြီး လုပ်ကိုင်သောကျေးရွာဖြစ်သောကြောင့် မိုးတွင်းကာလဖြစ်သော မေလ မှ အောက်တိုဘာလ အထိ သီးနှံများ စိုက်ပျိုး ကြပြီး နိုဝင်ဘာလ နှင့် ဒီဇင်ဘာလ တို့ တွင် ကော်ပဲသီးနှံများကိုရိတ်သိမ်းလေ့ရှိကြပါသည်။ ကျေးရွာတွင်းမျိုးသမီး အများစုတို့ မှာ ကြေးပတ်သည့်ရိုးရာဓလေ့ကို ပြသခြင်း၊ ယက်ကန်းယက်လုပ်ခြင်း၊ ရိုးရာပစ္စည်းများ ရောင်းချခြင်းတို့ ကို ပြုလုပ်ကြသောကြောင့် တစ်နှစ်ပတ်လုံး အားလပ်ချိန်မရှိကြပါ။

လယ်၊ယာများ စိုက်ပျိုး၊ ရိတ်သိမ်းပြီးချိန် တွင် ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်ဒေသသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသော မိသားစုဝင် နှင့် ဆွေမျိုး ထံသို့ ဇန်နဝါရီလ၊ ဖေဖော်ဝါရီ နှင့် မတ်လ များတွင် သွားရောက်လည်ပတ်လေ့ရှိကြပါသည်။ မေလ မှ နိုဝင်ဘာလ အထိသည် ၄င်းကျေးရွာတွင်မိုးများသောလများဖြစ်သည်။ သောက်သုံးရေများ၊ ကျွဲ၊ နွား သုံးရေးများ သည် နွေကာလဖြစ်သည့် မတ်၊ ဧပြီ နှင့် မေလ တို့ တွင် အရှားပါးဆုံးလများဖြစ်ကြသည်။

ရှမ်းကူကျေးရွာသည် ရိုးရာတံခွန်တိုင် ကို သက်ဝင်ကြသောကြောင့် မတ် နှင် ဧပြီ လများတွင် ကေ့ထိုးဘိုး ပွဲတော်ကိုကျင်းပလေ့ရှိကြသည်။ နွေကာလတွင် ထင်များ ခွေခြင်း၊ အိမ်များ ဆောက်လုပ်ခြင်းတို့ ကိုအများဆုံးပြုလုပ်ကြသည်။ နွေကာလများတွင် ပြင်ပသို့ အလုပ်များသွားရောက်လုပ်ကိုင်ခြင်းတို့ ကြောင့်ထိုကာလများတွင် ဝင်ငွေပို၍ကောင်းမွန်သောလများဖြစ်ကြသည်။

ရှမ်းကူကျေးရွာ၏ ရာသီခွင်ပြဇယားအရ မိုးကာလများတွင် သီးနှံများစိုက်ပျိုးခြင်း၊ ဆောင်းကာလတွင် စပါး၊ ကောက်ပဲသီးနှံတို့ ကို ရိတ်သိမ်းခြင်း၊ နွေကာလများတွင်လည်းပြင်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လေ့ရှိကြခြင်း နှင့် ရိုးရာကြေးပတ်သည့်ဓလေ့တို့ ကိုပြသခြင်း တို့ ဖြင့် အားလပ်ရက်များ မရှိကြပါ။ ကျေးရွာတွင်း အစည်းဝေးများ၊ သင်တန်းများ၊ ဟောပြောပွဲများတို့ ကို ညအချိန်တွင်ပြုလုပ်ပါမှ လူထုများပို၍အချန်ပေးတက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

**ပါဝင်ဆွေးနွေးသူ** **ပံ့ပိုးကူညီသူ**

ကျား= ၃၃ ဦး / မ= ၁၇ ဦး ဦးစိုးနေလင်း (လူထုစည်းရုံးရေးမှူး)

# ရွှမ်းကူကျေးရွာ၏ လူထုဗဟိုပြုစီမံကိန်း ကော်မတီဝင်စာရင်း

အုပ်စု။ ပန်ပက်အုပ်စု ရက်စွဲ။ ၉.၁၁.၂၀၁၇

| စဉ် | ကော်မတီအမည် | ရာထူး | အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ | ဥက္ကဋ္ဌ | ဦးညှုံးပလိပ် | □□□□□□ □□□□□□□ |
| | | ။ | ဒေါ်မေးရီယာန် | |
| ၂။ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးသားမောင် | |
| | | အဖွဲ့ဝင် | မောင်ပေါလူ | |
| | | ။ | ဒေါ်မူနန်း | |
| ၃။ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးလပရွှမ်း | |
| | | အဖွဲ့ဝင် | ဦးလခွီး | |
| | | ။ | ဒေါ်ရောဇာ | |
| ၄။ | လည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးကော်မတီ | ခေါင်းဆောင် | ဦးလကလန် | |
| | | အဖွဲ့ဝင် | ဦးလရှန် | |
| | | ။ | ဒေါ်မူသွယ် | |
| ၅။ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်နင်းသက်ဖြူ | |
| ၆။ | ကျေးရွာ အကြံပြုတိုင်ကြားရေးကော်မတီ | အဖွဲ့ဝင် | ဒေါ်ထူးရင် | □□□□□□□□□□□□□ ဥ ဏ္ဍ ဌ |
| | | ။ | မောင်သားငယ် | |
| ၇။ | ကျေးရွာ စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးလတွ | |
| | | ။ | မမွန်နှာ | |

# ၂၀၁၇-၁၈ ခုနှစ် ပန်ပက်အုပ်စု ရှမ်းကူကျေးရွာ၏ လူထုဗဟိုပြုစီမံကိန်း ကော်မတီဝင်များ



## ပန်ပက် ရွှမ်းကူကျေးရွာ၏ အစည်းအဝေး မှတ်တမ်းဓါတ်ပုံများ





## ပန်ပက် ရွှမ်းကူကျေးရွာ၏ အစည်းအဝေး မှတ်တမ်းဓါတ်ပုံများ





# ပုံစံ - ၁။ကျေးရွာအခြေခံအချက်အလက်များ (PC-1)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။*

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးအူပလိပ် | ၀၉ - ၄၅၉၆၈၂၈၅၃ | ဦးစိုးနေလင်း |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား / မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ပန်ပက် | ကျေးရွာ ဒွမ်းကူ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | ၇၆ | ဘာသာ (၁) တံခွန်တိုင် | ၇၁ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ခရစ်ယာန် | ၅ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၀ | တံခွန်တိုင် | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ကယန်း | ၂၅၄ | ၂၃၀ |
| လူမျိုးစု (၂) ---------------------- | | |
| လူမျိုးစု (၃) ---------------------- | | |
| လူမျိုးစု (၄) ---------------------- | | |
| လူမျိုးစု (၅) ---------------------- | | |
| အိမ်ထောင်ဦးစီး | ၇၀ | ၆ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☑ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက်<br>တံခွန်တိုင် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☑ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၂ မိုင်--/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၁၅ မိနစ်--- ထော်လာဂျီ(မော်တော်ဆိုင်ကယ်)ခြေလျင်/လား/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန်-------၁၅ မိနစ်------- ထော်လာဂျီ(မော်တော်ဆိုင်ကယ်)ခြေလျင်/လား/မော်တော်ဘုတ်/

အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ □ ရှိပါသည် ရှိလျှင်ဖော်ပြပါ ----------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---ယာဉ်ကျေးမှုအဖွဲ့------

(၂) ---------------------------------

ကျေးရွာခေါင်းဆောင် အမည် ဦးညွှန့်ပဒိပ်

လက်မှတ် [signature] နေ့စွဲ 10,11,17

လူထုစည်းရုံးရေးမှူး အမည် ဦးစိုးနောင်

လက်မှတ် [signature] နေ့စွဲ 10.11.17

# ပုံစံ - ၂၂စီမံကိန်းစက်ဝန်းအချိန်ဇယား(PC-2)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

*ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား* (PC 2)

| | | | |
|---|---|---|---|
| ညွှန်ကြားချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာ/နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးစိုးနောင် | | | |
| နေ့စွဲ 10.11.17 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ပန်ပက် | ကျေးရွာ ဒွန်ကူ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 9.11.17 | 9.11.17 | 33 | 13 | 46 | ကယန်း 46 |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 10.11.17 | 10.11.17 | 33 | 17 | 50 | ကယန်း 50 |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 15.11.17 | 15.11.17 | 11 | 5 | 16 | ကယန်း 16 |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 6.12.17 | 6.12.17 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 10.1.2018 | 10.1.2018 | 31 | 9 | 40 | ကယန်း 40 |

လူထုဖဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | 31,1,18 | 31,1,18 | 3 | 3 | 6 | ကျော်: | 6 |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 31,1,18 | 31,1,18 | 3 | 3 | 6 | ကျော်: | 6 |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 31,1,18 | 31,1,18 | 3 | 3 | 6 | ကျော်: | 6 |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 31,1,18 | 31,1,18 | 3 | 3 | 6 | ကျော်: | 6 |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | 20.2.18 | 20.2.18 | 4 | 3 | 7 | ကျော်: | 7 |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

# ပုံစံ - ၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(PC-3)

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | |
|---|---|
| **လမ်းညွှန်ချက်**။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးစိုးနေလင်း | |
| နေ့စွဲ ၁၀.၁၁.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား / ဒီးမော့ဆို မြို့နယ် | ကျေးရွာအုပ်စု ပန်ပက် ကျေးရွာ ရှမ်းကူ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လျှပ်စစ်မီးပြည့်စုံစွာမရသည့်အခက်အခဲ။ | ၁ | နွေရာသီသောက်သုံးရေမလုံလောက်ခြင်း။ |
| ၂ | ဆေးခန်းတွင်ဆေးဝါးမလုံလောက်ခြင်း။ | ၂ | ကျေးရွာများပြန့်ကျဲ၍ရွာနေထိုင်၍စည်းလုံးရန်ခက်ခဲ။ |
| ၃ | ရွာချင်းဆက်လမ်းများမကောင်းခြင်း။ | ၃ | စားဝတ်နေရေးအဆင်မပြေခြင်း။ |
| ၄ | ရွာတွင်းစည်းလုံးညီညွတ်မှုမရှိခြင်း။ | ၄ | စာသင်ကျောင်းတွင်ဆရာ/မ မလုံလောက်ခြင်း။ |
| ၅ | ရွာပိုင်မြေခြံစည်းရိုးမရှိခြင်း။ | ၅ | ခန်းမဆောင်နှင့်မူကြိုကျောင်းလျှပ်စစ်မီးမရှိခြင်း။ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လျှပ်စစ်မီးအားလုံးရရှိလာသည်။ | ၁ | နွေရာသီသောက်သုံးရေလုံလောက်စွာရရှိလာသည်။ |
| ၂ | ဆေးဝါးများလုံလောက်စွာရှိလာသည်။ | ၂ | ကျေးရွာများပြန်လည်စည်းလုံးမှုရှိလာသည်။ |
| ၃ | ရွာချင်းဆက်လမ်းများကောင်းလာသည်။ | ၃ | စားဝတ်နေရေးအဆင်ပြေလာသည်။ |
| ၄ | ရွာတွင်းပိုမိုစည်းလုံးညီညွတ်လာသည်။ | ၄ | ဆရာ/မ များလုံလောက်စွာရှိလာသည်။ |
| ၅ | ရွာပိုင်မြေတွင်ခြံစည်းရိုးရရှိလာသည်။ | ၅ | မူကြိုကျောင်းနှင့်ခန်းမဆောင်မီးရရှိလာသည်။ |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာပိုင်မြေခြံစည်းရိုးကာရံခြင်း | ကျား+မ | ၁၀ရက်? [illegible] | ၄၈၄ ဦး |
| ၂ | ကျောက်ချောလမ်း | ကျား+မ | - | ။ |
| ၃ | ဆိုလာမီးလင်းရေး | ကျား+မ | - | ။ |
| ၄ | မူကြို၊နှင့်ခန်းမဆောင်မီးတပ် | ကျား+မ | - | ။ |
| ၅ | လူငယ်တီးဝိုင်းပစ္စည်းတပ်ဆင်ခြင်း | ကျား | - | ။ |

**ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး | အဆိုပြုသူ (အမျိုးသားများ/ | အခန်းကဏ္ဍ |
|---|---|---|---|

| | တိုးတက်မှု လုပ်ငန်းစဉ်များ | အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကျောင်းဆရာ/မများ လုံလောက်စွာချပေးရန်။ | ကျား+မ | ပညာရေး |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးညွှန့်ပေါ်ဖြ--- လက်မှတ် ---[illegible]--- နေ့စွဲ---10.11.17---

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | ရွာပိုင်မြေမြစ်စည်း ရိုးကာရံခြင်း | ☑ မ ☑ ကျား | ကျေးရွာ | NCDDP |
| | ၂ | ကျောက်ချောလမ်း | ☑ မ ☑ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အခြား | ၁ | ဆိုလာမီးလင်းရေး | ☑မ ☑ကျား | | |
| | ၂ | မျိုးကြို့နှင့်ခန်းမအောင် မိတ္တာ | ☑မ ☑ကျား | | |
| | ၃ | လူငယ်တီးဝိုင်း မန္တည်းတော်ဆင်ရြင် | ☐မ ☑ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |

**ကျေးရွာ** = ရွှမ်းကူ

**နေ့စွဲ** ။ ၉.၁၁.၂၀၁၇

**အုပ်စု** = ပန်ပက်အုပ်စု

**အချိန်** ။ ည ၆း၀၀ နာရီမှ ညနေ ၉:၀၀ နာရီထိ

**နေရာ** = ရွှမ်းကူ မူကြိုကျောင်း

**တက်ရောက်သူဦးရေ**=ကျား-၃၃ဦး/မ-၁၃ဦး

**ဦးဆောင်ဆွေးနွေးမည်သူ** = ဦးစိုးနေလင်း(CF) / ဒေါ်ကျော့ကေခိုင်(TF)

**အစည်းအဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်** - လူထုဗဟိုပြုစီမံကိန်း အကြောင်းမိတ်ဆက်ခြင်း၊ ကျေးရွာ လူမှုဆန်းစစ်ခြင်း (PRA Tools) ပြန်လည်သုံးသပ် အတည်ပြုခြင်း၊ ကော်မတီဝင်များ ပြန်လည် ရွေးချယ် အတည်ပြု ခြင်း နှင့် ကျေးရွာ၏ အခက်အခဲပြဿနာ၊ ကျေးရွာ၏မျှော်မှန်းချက် နှင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်း များဖော်ထုပ်ခြင်း။

အစည်းအဝေးအစီအစဉ် (၁) အရတက်ရောက်သူဦးရေစာရင်းကို ကောက်ယူရာ အမျိုးသား (၃၃)ဦး နှင့် အမျိုးသမီး(၁၃)ဦး တို့တက်ရောက်ကြပါသည်။ အစည်းအဝေးအစီအစဉ် (၂)အရ ကျေးရွာ အုပ်ချုပ် ရေးမှူးကိုယ်စား CF ဆရာဦးစိုးနေလင်း မှအမှာစကားပြောကြားရာတွင် ကျေးရွာ သူ/သားများ ယခု လိုတက် ရောက်လာပေးကြသည့်အတွက်ကျေးဇူးတင်ပါကြောင်း၊ ဒုတိယနှစ်စီမံကိန်း အုပ်စုအစည်း အဝေး၏ ဆုံးဖြတ်ထားချက်အရ ယခုတတိယနှစ်စက်ဝန်းတွင် ပန်ပက်ရွှမ်းကူ ကျေးရွာတွင် စီမံကိန်း ဆောင်ရွက်ခွင့်ရရှိမည်ဟုသိရကြောင်း၊ ထို့ကြောင့် ယခုအစည်းဝေးတွင် ပို၍ စိတ်ပါဝင်စားစွာဖြင့် ပူး ပေါင်း ပါဝင် ဆွေးနွေးကြစေလို ကြောင်း စသည်ဖြင့် အမှာစကားပြော ကြားပေး ခဲ့ပါသည်။

အစည်းအဝေးအစီအစဉ် (၃)အရ လူထုဗဟိုပြု စီမံကိန်း အကြောင်း မိတ်ဆက်ခြင်းနှင့် အစီအစဉ် (၄) ဖြစ်သည့် စီမံကိန်းစက်ဝန်းအကြောင်း တို့ကို TF ဆရာမ ဒေါ်ကျော့ကေခိုင်မှ ရှင်းလင်းရာတွင် စီမံကိန်းကို စိုက်ပျိုးရေး၊မွေးမြူရေး နှင့် ဆည်းမြောင်းဝန်းကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တို့မှဦးဆောင်အကောင်အထည်းဖော်နေခြင်းဖြစ်ကြောင်း၊ ထောက်ပံ့ငွေများကို ကမ္ဘာ့ဘဏ် မှချေးငွေဖြင့်ရရှိကြောင်း၊ ကျေးလက်နေပြည်သူများ၏ အခြေခံ အဆောက်အအုံများကို လူထုချဉ်းကပ်မှု ဖြင့်ရယူသုံးစွဲနိုင်စေရန်၊ အစိုးရနှင့်အရပ်ဘက်အဖွဲ့ အစည်းများ စွမ်းဆောင်ရည်တိုးတက်စေရန်၊ အရေး ပေါ်အခြေအနေများတွင်လျင်မြန်စွာတုန့် ပြန်နိုင်စေရန် စသည့်ရည်ရွယ်ချက်တို့ဖြင့် ဆောင်ရွက် ပါ ကြောင်း ရှင်းလင်းပေးခဲ့ပါသည်။

စီမံကိန်းစက်ဝန်းကို အပိုင်း(၆)ပိုင်း နှင့် အဆင့်(၁၄) ဆင့် ဟူ၍ခွဲခြား သတ်မှတ်ပြီး ဆောင် ရွက်နေပါကြောင်းကိုလည်း ရှင်းလင်းတင်ပြပေးခဲ့ပါသည်။

အစီအစဉ်(၅) အရ အဓိကတာဝန်ရှိသူနှင့် တာဝန်ဝတ္တရားများ ကို TF ဆရာမဒေါ် ကျော့ကေခိုင်မှ ဆက်လက်ရှင်းပြပေးခဲ့ရာ လူထုဗဟိုပြုစီမံကိန်းတွင် မဖြစ်မနေပါဝင် လုပ်ဆောင်ရန် လိုအပ်သည့် အဖွဲ့တို့မှာ အဖွဲ့(၁၁) ရှိကြောင်း၊ ၎င်းအဖွဲ့တိုင်းသည် တာဝန်ကျရာအခန်းကဏ္ဍတွင် ကောင်းစွာလုပ်ဆောင်နိုင် မှ စီမံကိန်းကို အောင်မြင်အောင်ဖော် ဆောင်နိုင်မည်ဖြစ်ကြောင်းရှင်းလင်းပြောကြားခဲ့သည်။

လူမှုဆန်းစစ်ခြင်း (PRA) ဆွေးနွေးမှုအပိုင်းတွင် ဒုတိယနစ်စက်ဝန်း (၂၆.၁၂.၂၀၁၆) တွင် ရေးဆွဲထားခဲ့ကြသည့် (PRA) တို့ကိုအခြေခံပြီးပြန်လည်း ဆွေးနွေးကြရာ ကျေးရွာမြေပုံသုံးသပ်ခြင်း အပိုင်းတွင် ကျေးရွာတွင်းလိုအပ်နေသော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လိုသောတည်နေရာတို့ကို ပြန်လည်ရေးဆွဲခဲ့ကြသည်။ ဥစ္စာဓနအဆင့်သတ်မှတ်သည့်အပိုင်းတွင်းလည်း C အဆင့်မှ B အဆင့် သို့ လည်းကောင်း B အဆင့်မှ A အဆင့်သို့ တိုးတက်ပြောင်းလဲသွားသော အိမ်ထောင်းစု အဆင့်များ ပြောင်းလဲမှုမရှိကြပါ။ ပင့်ကူ အိမ်သုံးသပ်ခြင်း၊ အဖွဲ့ အစည်းချိတ်ဆက်မှုဆိုင်ရာသုံးသပ်ခြင်း နှင့် ရာသီခွင်ပြ ပြက္ခဒိန်တို့ကိုပြန် လည် တင်ပြရာ၌ တစ်စုံတစ်ရာပြောင်းလဲမှုများမရှိကြပါ။

ထို့ကြောင့် ပြုလုပ်ပြီးခဲ့သော အစီအစဉ်တို့ကိုTFဆရာမ ဒေါ်ကျော့ကေခိုင်မှ ပြန်လည်အနှစ် ချုပ် တင် ပြခြင်း နှင့် ဒုတိယအကြိမ်အဂေးအဂေးအတွက် ဖိတ်ကြားခြင်းတို့ကိုပြုလုပ်ကာ အစီအစဉ်ကို ပိတ်သိမ်းခဲ့ပါသည်။

**မှတ်တမ်းတင်သူ**

**ဦးစိုးနေလင်း**

**(လူထုစည်းရုံးရေးမှူး)**

**ကျေးရွာ** = ရွှမ်းကူ

**နေ့စွဲ။** ၁၀.၁၁.၂၀၁၇

**အုပ်စု** = ပန်ပက်အုပ်စု

**အချိန်။** ည ၆း၀၀ နာရီမှ ညနေ ၉:၀၀ နာရီထိ

**နေရာ** = ရွှမ်းကူ မူကြိုကျောင်း

**တက်ရောက်သူဦးရေ=**ကျား-၃၃ဦး/မ-၁၇ဦး

**ဦးဆောင်ဆွေးနွေးမည်းသူ** = ဦးစိုးနေလင်း(CF) / ဒေါ်ကျော့ကေခိုင်(TF)

ဒုတိယအကြိမ်အစည်းအဝေးအစီအစဉ် (၁) အရတက်ရောက်သူဦးရေစာရင်းကို ကောက်ယူရာ အမျိုးသား(၃၃)ဦး နှင့် အမျိုးသမီး(၁၇)ဦး တို့တက်ရောက်ကြပါသည်။ ပထမည ပြုလုပ်ခဲ့သော အစီအစဉ်တို့ကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ကျေးရွာ၏ အခက်အခဲပြဿနာ၊ ကျေးရွာ၏မျှော်မှန်းချက် နှင့် ကျေးရွာ၏ဖွံ့ ဖြိုးရေး လုပ်ငန်း တို့ကို TF ဆရာမဒေါ်ကျော့ကေခိုင်၏ဦးဆောင်မှုဖြင့်ဆွေးနွေးကြပါသည်။ အမျိုးသား နှင့် အမျိုးသမီး တို့ကို တစ်ဖွဲ့စီခွဲထိုင်စေပြီး ၄င်းတို့၏ကျေးရွာတွင်း ကြုံတွေ့ကြုံနေရ နေရသော အခက်အခဲပြဿနာ ကျေးရွာ၏မျှော်မှန်းချက် နှင့် ကျေးရွာ၏ဖွံ့ဖြိုးရေး လုပ်ငန်း တို့ကို ဖော်ထုတ်စေခဲ့ပါသည်။

ပင်မဆောင်ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းတို့မှာ ဦးစားပေးအဆင့် (၁) ကျောက်ချောလမ်း နှင့် တံတားငယ်တစ်စင်း(ပေါက္ကူ မှ လိန်းဆိုဒ်ိန်းသို့) (၂) တံခွန်တိုင်ပိုင်းခြံစည်းရိုးကာရံခြင်း (၃) ခန်းမဆောင် နှင့် မူကြိုကျောင်း မီတာတပ်ဆင်ခြင်း (၄) ဆိုလာမီးလင်းရေး နှင့် (၅) ကျေးရွာ တီးပိုင်းပစ္စည်း များတပ် ဆင်ခြင်း တို့ဖြစ်ကြပါသည်။

ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းတို့ကိုရွေးချယ်ခြင်းအပြီးတွင် အကာအကွယ်များ၊ အကျုံးဝင်/မဝင် သောလုပ်ငန်းများ အကြောင်းတို့ကို ဆရာမဒေါ်ကျော့ကေခိုင်မှဆက် လက်ရှင်းပြခြင်းကိုပြုလုပ်ခဲ့ပါသည်။ ဆက်လက်ပြီးကော်မတီဝင်များပြန်လည်ဖွဲ့စည်းနိုင်ရန် အတွက် ဦးစွာကော်မတီဝင်များ၏ တာဝန် ဝတ္တရားအကြောင်းတို့ကိုရှင်းလင်းပေးပြီး ကော်မတီတစ်ဖွဲ့ချင်းစီကိုပြန်လည်ရွေးချယ်အတည် ပြုခြင်း တို့ကိုဆက်လက်ပြုလုပ်ကြပါသည်။ ထိုသို့ဆောင်

ရွှက်ရာ တွင် ယခင်ကော်မတီဂင်များနေရာတွင် ခရီး ရှည်ထွက်ခြင်း၊ ကျေးရွာပြောင်းရွှေ့ နေထိုင်ကြသောသူများ၏ နေရာများတွင်သာပြန်လည်ရွေးချယ်ခဲ့ကြ ပြီး ကျေးရွာတွင်း ရှိသော သူများကို ကော်မတီဂင် အဖြင့် ဆက်လက်ထားရှိရန် သဘောတူညီမှုများဖြင့် ဆက် လက်ထားရှိစေခဲ့ပါသည်။ ထို့နောက် ပြန်လည်ဖွဲ့ စည်းထားသောကော်မတီဂင်များအား $HR_2$ နှင့် COC လက်မှတ် ရေးထိုးခြင်း အစီအစဉ်ကို ပြုလုပ်ခဲ့ပါသည်။

နိဂုံးချုပ်အနေဖြင့် ကျေးရွာ စီ/ထောက်ဥက္ကဋ္ဌ မှ ကျေးဇူးတင်အမှာစကားပြောကြားခြင်း အပြီး ကော်မတီဂင် များအား မှတ်တမ်းဓါတ်ပုံရိုက် ခြင်းတို့ကိုဆောင်ရွက်ပြီး အစည်းအဝေးအစီအစဉ်ကို ည (၁၀း၀၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

**မှတ်တမ်းတင်သူ**

**ဦးစိုးနေလင်း**

**(လူထုစည်းရုံးရေးမှူး)**

## လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်/အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ (Socila map/ Resources Map) | ၂၀၁၂.၀၀.၃၀ | ရပ်မိရက်ဖ၊ကော်မတီဝင်၊ကျေးရွာလူထုများအားလုံး | ၃၃ | ၁၃ | ၄၆ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦများ၊လုပ်ပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေများ၊ရေထွက်ပေါက်၊ရေလှောင်ကန်၊သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | ၂၀၁၂.၀၀.၃၀ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါး၊ | ၃၃ | ၁၃ | ၄၆ | ကျေးရွာလူမှုစီးပွားရေးကိုအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ရန်အများလူထုသဘောတူသတ်မှတ်ခြင်း |
| ၃ | ကျား/မရေးရာကဏ္ဍ (Access Mapping) | ၂၀၁၂.၀၀.၃၀ | ကျေးရွာအတွင်းရှိအမျိုးသားနှင့်အမျိုးသမီးများ | ၃၃ | ၁၃ | ၄၆ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ပိုင်ဆိုင်မှု၊အခြေခံအဆောက်အဦးစသောလုပ်ငန်းများကိုဘယ်သူတွေကအသုံးပြု၊ထိမ်းချုပ်နေသလဲဆိုတာကိုဆွေးနွေးမှုများပြုလုပ်ခြင်း |
| ၄ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၀၁၂.၀၀.၃၀ | အမျိုးသားများနှင့်အမျိုးသမီးများ၊ကျေးရွာလူထု | ၃၃ | ၁၃ | ၄၆ | အမျိုးသားများနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၂၀၁၂.၀၀.၃၀ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ကျေးရွာစီထောက်အဖွဲ့၊ကျေးရွာလူထု | ၃၃ | ၁၃ | ၄၆ | ကျေးရွာအတွင်းရှိအဖွဲ့အစည်းများနှင့်မည်သို့သောလုပ်ငန်းများအတွက်မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၆ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၁၅.၁၁.၂၀၁၆ | ကော်မတီဝင်များ၊ အမျိုးသမီး/သားဆင်း ရဲနွမ်းပါးသူ | ၃၃ | ၁၃ | ၄၆ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင်ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ (အရောင်းအဝယ်) ၊ပွဲတော်ချိန်၊မိုးများကာလ၊ကျန်းမာရေးဆိုးကာလ၊ဝင်ငွေအကောင်းဆုံးကာလ၊အလုပ်ပါးကာလ၊ရေရှားကာလ |
| ၇ | အခက်အခဲ/ပြဿနာ (Problem) | ၁၀.၁၁.၂၀၁၆ | အမျိုးသမီး/သား၊ လူထုအားလုံး | ၃၃ | ၁၇ | ၅၀ | ငွေကြေးအရင်းအနှီးမရှိ၊လမ်းပန်းဆက်သွယ်ရေး၊မီးလင်းရေး ရေလုံလောက်မှုမရှိဖုန်းဆက်သွယ်ရေး၊ကျန်းမာရေး၊ပညာရေး၊စီးပွားရေး၊စည်းလုံးခြင်းမရှိ။ |
| ၈ | ကျေးရွာ၏( ၄ )နှစ်စာမျှော်မှန်းချက်များ (Village visions) | ၁၀.၁၁.၂၀၁၆ | ကျေးရွာလူထုအားလုံး | ၃၃ | ၁၇ | ၅၀ | စီးပွားရေးပိုမိုကောင်းမွန်လာရန်၊ပညာရေး၊လူမှုရေး၊ကျန်းမာရေး၊ဘာသာရေးပိုမိုကောင်းမွန်လာ၊ကျေးရွာစည်းလုံးခြင်းပိုမိုကောင်းမွန်လာ၊စားဝတ်နေရေးပိုမိုအဆင်ပြေလာ |
| ၉ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ (Village Approve Vision) | ၁၀.၁၁.၂၀၁၆ | ရွာလူထုအားလုံး | ၃၃ | ၁၇ | ၅၀ | လမ်း(ကတ္တရာ)၊မီး(လျှပ်စစ်မီး)၊ ခန်းမဆောင်၊ရေလှောင်ကန်၊ ရေငုတ်/ပိုက်၊စာသင်ကျောင်းတိုးချဲ့ |
| ၁၀ | ကျေးရွာဦးစားပေးလုပ်ငန်းစဉ်များ (Village Object Vision) | ၁၀.၁၁.၂၀၁၆ | ရွာလူထုအားလုံး | ၃၃ | ၁၇ | ၅၀ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အဆင့်သတ်မှတ်ခြင်း၊တိုင်းတာခြင်း၊ခန့်မှန်းကုန်ကျငွေတွက်ချက်ခြင်း၊အကျိုးခံစားခွင့်ရှိသူလူဦးရေ |
| ၁၁ | ကျေးရွာသမိုင်းအကျဉ်းချုပ် (Village History) | ၁၀.၁၁.၂၀၁၆ | အမျိုးသမီး/သား၊လူထုအားလုံး | ၃၃ | ၁၇ | ၅၀ | ကျေးရွာစတင်တည်ထောင်သည့်ခုနှစ်၊အိမ်ခြေ၊လူဦးရေ၊ လူမျိုး၊ဘာသာစသောကျေးရွာသမိုင်းအချက်အလက်အဆင့်ဆင့်များကိုဖော်ထုတ်ခြင်း |